## ဘာဝနာ (၂) မျိုး

၁။ လောကီဘာဝနာ = လောကီ သီလ, သမာဓိ, ပညာကိုဖြစ်စေခြင်း၊ မိမိသန္တာန်၌ ထို သီလ, သမာဓိ, ပညာ တို့ဖြင့် ထုံခြင်း။

၂။ လောကုတ္တရာဘာဝနာ = လောကုတ္တရာ သီလ သမာဓိ ပညာ။

(က) ကာယဘာဝနာ = ဝိပဿနာ။

(ခ) စိတ္တဘာဝနာ = သမထ။

## ဘာဝနာ (၃) မျိုး

၁။ ပရိကမ္မဘာဝနာ = ကမ္မဋ္ဌာန်းအာရုံတစ်ခုခုကို ရှေးဦးစွာ စီးဖြန်းပွားများမှု။

၂။ ဥပစာရဘာဝနာ = နီဝရဏတရားတို့ကို တဒင်္ဂပဟာန်ဖြင့် ပယ်ခွါသည်မှစ၍ ဂေါတြဘု အဆုံးတိုင်အောင် ကာမာဝစရဘာဝနာ။

- အပ္ပနာ၏အဝေး၌ဖြစ်သော ဘာဝနာသည် ပရိကမ္မဘာဝနာ။
- အပ္ပနာ၏ အနီး၌ဖြစ်သော ဘာဝနာသည် ဥပစာရဘာဝနာ။

၃။ အပ္ပနာဘာဝနာ = မဟဂ္ဂုတ်အဖြစ်သို့ရောက်သော ဘာဝနာ။

(က) စိတ္တဘာဝနာ = ရတနာသုံးပါး၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်းဖြင့် စိတ်ကိုပွားများခြင်း။

(ခ) သီလဘာဝနာ = သီလကို ပွားများအားထုတ်ခြင်း။

(ဂ) ကာယဘာဝနာ = ၃၂ကောဋ္ဌာသဖြစ်သော ကိုယ်ကိုပွားများခြင်း။

၁။ ကာယဘာဝနာ = ရဟန္တာပုဂ္ဂိုလ်၏ ငါးဒွါရ၌ဖြစ်သော 'ဖဿ'စသော တရားအပေါင်း။ ('ဖဿ'စသောတရားအပေါင်းကို ရဟန္တာပုဂ္ဂိုလ်သည် ကောန်မုချပွားစေအပ်ပြီးဖြစ်၏)

၂။ စိတ္တဘာဝနာ = သမာပတ်ရှစ်ပါး။

၃။ ပညာဘာဝနာ = အရဟတ္တဖိုလ်၌ရှိသော ပညာ။

(က) ရူပါဝစရကုသလဘာဝနာ = ဟီန, မဇ္ဈိမ, ပဏီတ (၃) မျိုး ကွဲပြား၏။

(ခ) အရူပါဝစရကုသလဘာဝနာ = ဟီန, မဇ္ဈိမ, ပဏီတ (၃) မျိုး ကွဲပြား၏။

(ဂ) အပရိယာပန္နကုသလဘာဝနာ = ပဏီတ တစ်မျိုးသာရှိ၏။

## ဘာဝနာ (၄) မျိုး

၁။ သေနာဘာဝနာ = အပ္ပနာကို ရှာမှီးကြောင်းဖြစ်သောကြောင့် အပ္ပနာ၏ ရှေ့အဖို့၌ ဖြစ်သော ဘာဝနာ။

၂။ ပဋိလာဘဘာဝနာ = ရှာမှီးခြင်းကြောင့် ရလာသော အပ္ပနာဘာဝနာ။

၃။ ဧကရသဘာဝနာ = ရရှိပြီးနောက် ဝသီဘော်သို့ ရောက်လိုသောသူ၏ အားထုတ်ရာအခါ၌ ဖြစ်သောဘာဝနာ (ထိုထိုပဟာန်ဖြင့် ထိုထိုကိလေသာတို့မှ လွတ်မြောက်ရကား 'ဝိမုတ္တိ'ရသဖြင့် တစ်ခုသောကိစ္စရှိသောကြောင့် ဧကရသခေါ်၏။

၄။ အာသေဝနဘာဝနာ = ရရှိပြီးနောက် ဝသီဘော်သို့ရောက်ရှိပြီးသောသူ၏ အလိုရှိတိုင်း သုံးဆောင်ရာအခါ၌ ဖြစ်သော ဘာဝနာ (ပြင်းထန်စွာ မှီဝဲအပ် ထုံအပ်သောကြောင့် 'အာသေဝန'ခေါ်၏) (ပဋိသမ္ဘိဒါ၊ ၂၈၊ ဌ၊ ၁၊ ၁၂၂)

(က) ကာယဘာဝနာ = သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်နှစ်ပါးဖြင့် ကိုယ်ကိုပွားများခြင်း။

(ခ) သီလဘာဝနာ = သမ္မာဝါစာ၊ သမ္မာဝါယမ မဂ္ဂင်နှစ်ပါးဖြင့် သီလကို ပွားများခြင်း။

(ဂ) စိတ္တဘာဝနာ = သမ္မာသင်္ကပ္ပ၊ သမ္မာသမာဓိ မဂ္ဂင်နှစ်ပါးဖြင့် စိတ်ကို ပွားများခြင်း။

(ဃ) ပညာဘာဝနာ = သမ္မာဒိဋ္ဌိ၊ သမ္မာသတိ မဂ္ဂင်နှစ်ပါးဖြင့် ပညာကို ပွားများခြင်း။

(ပေဋကော၊ ၂၉၁)

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၂၆/၁၁/၂၀၂၁
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org